**စီးပွားရေးလုပ်ငန်းများ အမျိုးအစားခွဲခြားခြင်းဆိုင်ရာ မြန်မာစံပြုသင်္ကေတများ (MSIC) အား ISIC Revision 5 နှင့် ချိတ်ဆက်နိုင်ရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ**

**နေပြည်တော်၊ ဩဂုတ် ၁၄**

စီးပွားရေးလုပ်ငန်းများ အမျိုးအစား ခွဲခြားခြင်းဆိုင်ရာ မြန်မာစံပြုသင်္ကေတများ (Myanmar Standard Industrial Classification – MSIC) အား ISIC Revision - 5 နှင့် ချိတ်ဆက်နိုင်ရေး ဒုတိယ အကြိမ် ညှိနှိုင်းအစည်းအဝေးကို ၁၄-၈-၂၀၂၆ ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိ ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း (၄၃) ဦး တက် ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ပထမ အကြိမ်အစည်းအဝေးအပြီးတွင် UNSD က ထုတ်ပြန်ထားသည့် ISIC Revision - 5 တွင် အသစ်ထပ် တိုးထားသည့် 4 Digits Code များနှင့်စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့၏ အလွတ်သဘော ဘာသာ ပြန်ဆိုထားရှိမှုများကို စိစစ်ပြင်ဆင်ပေးရန်နှင့် 5 Digits Code များထပ်မံထည့်သွင်းပေးရန် သက်ဆိုင်ရာဌာနများသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဌာနဆိုင်ရာများက ပေးပို့လာ သည့် သဘောထားမှတ်ချက်များပေါ်တွင် ဆွေးနွေးညှိနှိုင်းရန် ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြား ပါသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဌာနဆိုင်ရာများမှ ပေးပို့လာသည့် သဘောထားမှတ်ချက်များအပေါ်တွင် ညှိနှိုင်းဆွေးနွေးကြပါသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က MSIC Revision 1 ထုတ်ပြန်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။